ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၃ /၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၁၁ ရက်)

## ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မည့် လုပ်ငန်းရှင်များလိုက်နာရန် ညွှန်ကြားချက် ထုတ်ပြန်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မည့် လုပ်ငန်းရှင်များလိုက်နာရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်ပသို့တင်ပို့သော (သို့မဟုတ်) ပြည်တွင်းသို့ တင်သွင်းသော ငါး/ပုစွန်ရေထွက်ပစ္စည်းများအား စားသုံးသူများအတွက်ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် နိုင်ငံတကာမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန်၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော ရေထွက်ပစ္စည်းများဖြစ်စေရန်နှင့် တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များ ပြည့်မီစေရန်အတွက် ရေထွက်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Technical Regulation for Export and Import of Fishery Products) နှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၈/၂၀၁၈) ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ရေချိုမွေးမြူရေးငါး တင်ပို့လိုပါက ဆော်ဒီအာရေဗီးယား စားသောက်ကုန်နှင့်ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့ (SFDA) ၏ လိုအပ်ချက်များနှင့်အညီ အကောင်းဆုံးရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Best Aquaculture Practice – BAP) စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ရေချိုမွေးမြူရေးငါး တင်ပို့လိုသော လုပ်ငန်းရှင်များအနေဖြင့် ငါးသားဖောက်ရုံ၊ အစာစပ်စက်ရုံ၊ မွေးမြူရေးကန်နှင့် ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံများအား (Best Aquaculture Practice – BAP) စနစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

မြင့်ဇင်ထူး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ငလ/ဥပဒေ-၂/၂၀၂၆ ( ၈၉၁၄ )
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

ဖြန့်ဝေခြင်း-

**ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့သည့်စက်ရုံများအားလုံး**

---

မိတ္တူကို-

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

ဥက္ကဋ္ဌ၊မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများအသင်းနှင့်ပို့ကုန်လုပ်ငန်းရှင်များ အသင်း

ရုံးလက်ခံ

မျှောစာတွဲ